# စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
# စီမံကိန်းဦးစီးဌာန

# စိုက်ပျိုးစီးပွားသတင်းလွှာ

အမှတ်စဉ် (၈/ ၂၀၂၅) ၂၀၂၅ ခုနှစ်၊ မေလ(၂၉) ရက်

| ၂၉- ၅- ၂၀၂၅ | |
|---|---|
| ငွေကြေး အမျိုးအစား | ငွေလဲလှယ်နှုန်း (ကျပ်) |
| ဒေါ်လာ | ၂,၁၀၀.၀ |
| ယူရို | ၂,၃၆၇.၅၄ |
| စင်္ကာပူဒေါ်လာ | ,၁၆၂၈.၁၀ |
| စတာလင်ပေါင် | ၂,၈၂၉.၀၂ |
| ဂျပန်ယန်း (၁၀၀) | ၁,၄၄၆.၂၃ |
| တရုတ်ယွမ် | ၂၉၂.၁၂ |
| ဟောင်ကောင် ဒေါ်လာ | ၂၆၇.၉၃ |
| အိန္ဒိယရူပီး | ၂၄.၅၈ |
| ကိုရီးယားဝမ် (၁၀၀) | ၁၅၂.၉၂ |
| မလေးရှား ရင်းဂစ် | ၄၉၅.၈၇ |
| ဖိလစ်ပိုင်ပီဆို | ၃၇.၆၈ |
| ထိုင်းဘတ် | ၆၄.၁၂ |
| ဗီယက်နမ်ဒေါင် (၁၀၀) | ၈.၀၇ |


လယ်ယာစီးပွားနှင့်
ကုန်သွယ်မှုဌာနခွဲ
စီမံကိန်းဦးစီးဌာန
ရုံးအမှတ် (၁၅)
ဖုန်း-၀၆၇-၃၄၁၀၆၈၄
Email-
misdop.moali@gmail.com


## သတင်းခေါင်းစဉ်များ

- **စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေထွက်ပစ္စည်းဆိုင်ရာသတင်းများ**

➢ တရုတ်ရင်းနှီးမြှုပ်နှံသူများက အင်ဒိုနီးရှား စားအုန်းဆီစက်မှုလုပ်ငန်းများ၌ အမေရိကန် ဒေါ်လာ ၉ ဘီလီယံ ရင်းနှီးမြှုပ်နှံရန် စိတ်ဝင်စားနေခြင်း

➢ Odisha ပြည်နယ်မှ သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်များ နိုင်ငံတကာသို့ တင်ပို့မှု မြင့်တက်လာ

➢ အိန္ဒိယနိုင်ငံ၏ ကွမ်းဖတ်ပန်းကန်ခွက်ယောက်များ အမေရိကန်ပြည်ထောင်စုသို့ တင်ပို့မှု မရေရာမှုများနှင့် ရင်ဆိုင်နေရ

- **အထွေထွေသတင်းများ**

➢ အိန္ဒိယနိုင်ငံသည် ၂၀၂၅-၂၆ ဘဏ္ဍာနှစ်တွင် စီးပွားရေးတိုးတက်မှု အသင့်အတင့်သာရှိနိုင်သော်လည်း အလျင်မြန်ဆုံး တိုးတက်နေသော အဓိက စီးပွားရေးနိုင်ငံများထဲမှ တစ်ခုအဖြစ် ဆက်လက်တည်ရှိနေမည်ဟု EY က ခန့်မှန်း

➢ အိန္ဒိယနိုင်ငံခြားကုန်သွယ်မှု ညွှန်ကြားမှုဦးစီးဌာန (DGFT) က ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ ကုန်ပစ္စည်းအချို့ တင်သွင်းခြင်းအပေါ် ဆိပ်ကမ်းကန့်သတ်ချက်အသစ်များ ထုတ်ပြန်ကြေညာ

➢ ဝန်ကြီးချုပ် Narendra Modi က အိန္ဒိယနိုင်ငံ၏ အရှေ့မြောက်ပိုင်းဒေသသည် နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုအတွက် အင်ဂျင်အသစ်ဖြစ်ကြောင်း ပြောကြား

- အိန္ဒိယဆိပ်ကမ်းများမှတစ်ဆင့် ကုန်စည်များ ပြန်လည်တင်ပို့ခွင့်ကို တားမြစ်လိုက်ခြင်းကြောင့် ပါကစ္စတန်နိုင်ငံ၏ ပို့ကုန်နှင့် သွင်းကုန်များ ထိခိုက်လျက်ရှိ

## တရုတ်ရင်းနှီးမြှုပ်နှံသူများက အင်ဒိုနီးရှား စားအုန်းဆီစက်မှုလုပ်ငန်းများ၌ အမေရိကန်ဒေါ်လာ ၉ ဘီလီယံ ရင်းနှီးမြှုပ်နှံရန် စိတ်ဝင်စားနေခြင်း

တရုတ်ရင်းနှီးမြှုပ်နှံသူများသည် အင်ဒိုနီးရှားနိုင်ငံတွင် စားအုန်းဆီစက်မှုလုပ်ငန်းများ၌ အမေရိကန်ဒေါ်လာ ၉ ဘီလီယံ ရင်းနှီးမြှုပ်နှံရန် စိတ်ဝင်စားလျက်ရှိကြောင်း အင်ဒိုနီးရှား စားအုန်းဆီကောင်စီ (The Indonesian Palm Oil Council) က ထုတ်ဖော်ပြောကြားခဲ့ပါသည်။

အင်ဒိုနီးရှားစားအုန်းဆီကောင်စီ ဥက္ကဋ္ဌ Sahat Sinaga က “တရုတ်ရင်းနှီးမြှုပ်နှံသူများသည် ဆီအုန်းမှ စားအုန်းဆီအဖြစ် ထုတ်လုပ်သည့် လုပ်ငန်းစဉ်တစ်လျှောက်တွင် ရင်းနှီးမြှုပ်နှံမှု ပြုလုပ်လိုကြောင်း ၎င်းထံသို့ ဆက်သွယ်လာကြောင်း၊ စားအုန်းဆီထုတ်လုပ်ရန်အတွက် ပတ်ဝန်းကျင်နှင့် ကိုက်ညီသည့် နည်းပညာများကို အသုံးပြုမည်ဖြစ်ကြောင်း၊ လက်ရှိတွင် စားအုန်းဆီထုတ်လုပ်မှုလုပ်ငန်းတွင် အသုံးပြုနေသည့် နည်းပညာမှာ ခေတ်နောက်ကျနေပြီး ကာဗွန်ဓာတ်ငွေ့ထုတ်လွှတ်မှု မြင့်မားနေကြောင်း၊ နည်းပညာအသစ်ကို အသုံးပြုရန် မိမိအနေဖြင့် အဆိုပြုခဲ့ပြီး တရုတ်နိုင်ငံကလည်း စိတ်ဝင်စားမှုရှိကြောင်း၊ အင်ဒိုနီးရှားနိုင်ငံရှိ အသေးစား ဆီအုန်းစိုက်ပျိုးထုတ်လုပ်သူများကို အကူအညီပေးရန်အတွက် ဒေါ်လာဘီလီယံများစွာကို ယူဆောင်လာရန် အသင့်ဖြစ်နေကြောင်း” ဂျာကာတာမြို့တွင် ပြုလုပ်ခဲ့သည့် “Palm Oil Expo Indonesia (Palmex) 2025” ၏ ဖွင့်ပွဲအခမ်းအနားတွင် ပြောကြားခဲ့ပါသည်။

အမေရိကန်ဒေါ်လာ ၉ ဘီလီယံရင်းနှီးမြှုပ်နှံမည့်ကိစ္စမှာ ၂၀၂၆ ခုနှစ်မှစ၍ လာမည့် ၇ နှစ်အတွင်း ဆောင်ရွက်ရန်စီစဉ်ထားကြောင်း၊ ရင်းနှီးမြှုပ်နှံမှုရန်ပုံငွေသည် ဆီအုန်းအခိုင်များမှ စားအုန်းဆီထုတ်လုပ်သည့် စက်ပစ္စည်းများ ပိုမိုကောင်းမွန်လာစေရေးကို အဓိကထားမည်ဖြစ်ကြောင်း ဥက္ကဋ္ဌ Sahat Sinaga အရ သိရှိရပါသည်။

“လုပ်ငန်းငယ်များအနေဖြင့် ဆီအုန်းအခိုင်များကို အခိုင်လိုက်ရောင်းချခြင်းအပြင် ပတ်ဝန်းကျင်နှင့်ကိုက်ညီသည့် နည်းပညာများ အသုံးပြုခြင်းဖြင့် ကာဗွန်ထုတ်လွှတ်မှုလျှော့ချနိုင်သည့် ရောင်းချမှုများမှတစ်ဆင့် အကျိုးအမြတ်များ ရရှိနိုင်မည်ဖြစ်ကြောင်း၊ ရင်းနှီးမြှုပ်နှံမှုများ ဝင်ရောက်လာနိုင်မှုမှာ အစိုးရ၏ နိုင်ငံခြားသားလုပ်ငန်းရှင်ကို ကာဗွန်ထုတ်လွှတ်မှုရောင်းချရန်လိုင်စင်ထုတ်ပေးခြင်းအပေါ်တွင်မူတည်ကြောင်း၊ ကာဗွန်ရောင်းချရန်အတွက် ခွင့်ပြုချက်ရရှိထားသည့် အဖွဲ့အစည်းသို့မဟုတ် ကုမ္ပဏီမရှိသေးကြောင်း” ဥက္ကဋ္ဌ Sahat Sinaga က ပြောကြားခဲ့ပါသည်။

အင်ဒိုနီးရှား စာရင်းအင်းဌာန၏ အချက်အလက်များအရ စားအုန်းဆီကြမ်းနှင့် ဆီအုန်းကဏ္ဍဆက်စပ်ကုန်စည်များ တင်ပို့မှုမှာ ၂၀၂၅ ခုနှစ်၊ မတ်လတွင် အမေရိကန်ဒေါ်လာ ၂.၁၉ ဘီလီယံ ရှိပြီး ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလနှင့်နှိုင်းယှဉ်ပါက ၃.၅၅ ရာခိုင်နှုန်းကျဆင်းခဲ့ပါသည်။ နှစ်အလိုက်အချက်အလက်များအရ ၂၀၂၄ ခုနှစ်၊ မတ်လတွင် အမေရိကန်ဒေါ်လာ ၁.၅၆ ဘီလီယံရရှိခဲ့သည့်အတွက် ယင်းနှင့်နှိုင်းယှဉ်ပါက ၂၀၂၅ ခုနှစ် မတ်လတွင် ၄၀.၈၅ ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။

တရုတ်နိုင်ငံသည် ၎င်း၏ စားအုန်းဆီပြည်တွင်းလိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ရေး ကမ္ဘာ့ဆီအုန်းစိုက်ပျိုးထုတ်လုပ်သည့် အဆင့် ၁ နိုင်ငံဖြစ်သည့် အင်ဒိုနီးရှားနိုင်ငံသို့ ချဉ်းကပ်ဆောင်ရွက်ခြင်းဖြစ်ပြီး စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာမှုအရ ကာဗွန်ထုတ်လွှတ်မှုများ မြင့်တက်လျက်ရှိရာ ကမ္ဘာ့ပတ်ဝန်းကျင်ဆိုင်ရာအရေးကိစ္စရပ်များတွင် အရေးပါလာသည့် ကာဗွန်ထုတ်လွှတ်မှုလျှော့ချရေးအတွက် သစ်တောဖုံးလွှမ်း ဧရိယာများသည့်နိုင်ငံကို ချဉ်းကပ်ခြင်းဖြစ်ကြောင်း သုံးသပ်တင်ပြအပ်ပါသည်။

သွယ်သွယ်ဆုတင်၊ စီးပွားရေးသံမှူး

စက်ဘ၁ပူ

ရင်းမြစ်။ Indonesian Palm Oil Association

## Odisha ပြည်နယ်မှ သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်များ နိုင်ငံတကာသို့ တင်ပို့မှု မြင့်တက်လာ

အိန္ဒိယနိုင်ငံ Odisha ပြည်နယ်သည် ၂၀၂၅-၂၆ ဘဏ္ဍာနှစ်၏ ပထမဆုံး နှစ်လတာကာလအတွင်း သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက် စုစုပေါင်း တန်ချိန် ၄၁ ဒသမ ၃၅ တန်ကို ဒူဘိုင်း၊ လန်ဒန်၊ ဘာမင်ဂမ်၊ ရောမ၊ ဗင်းနစ်၊ ဒပ်ဘလင်၊ ပြင်သစ်နှင့် ဘယ်လ်ဂျီယံကဲ့သို့သော အဓိကနိုင်ငံတကာဈေးကွက်များသို့ တင်ပို့နိုင်ခဲ့ကြောင်း သိရသည်။ အဆိုပါ ဘဏ္ဍာနှစ်၏ စုစုပေါင်းတင်ပို့မှုမှ သရက်သီး တန်ချိန် ၃၀ ဒသမ ၅၃ တန် ပါဝင်ပြီး အမ်ရာပါလီ (Amrapalli) နှင့် ဒူးဆယ်ရီ (Dussehri) ကဲ့သို့သော အရည်အသွေးမြင့် သရက်သီးမျိုးများ ဖြစ်ကြောင်း တွေ့ရှိရသည်။

ယခုသီတင်းပတ်အတွင်း သရက်သီး တန်ချိန် ၆ ဒသမ ၇ တန် တင်ပို့နိုင်ခဲ့ခြင်းသည် အရေးပါသော အောင်မြင်မှုတစ်ရပ် ဖြစ်ကြောင်း၊ Golden Agro Farmer Producer Company Ltd (FPCL)

က ပြင်သစ်နိုင်ငံသို့ ပထမဆုံးအကြိမ် တင်ပို့မှုကို ဆောင်ရွက်ပေးခဲ့ပြီး Saptasajya FPCL က ဘယ်လ်ဂျီယံနိုင်ငံသို့ သရက်သီးများ တင်ပို့ခဲ့ကြောင်း သိရသည်။

အဆိုပါ အောင်မြင်မှုများသည် Gates Foundation ၏ ပံ့ပိုးမှုဖြင့် ဆောင်ရွက်သော PSFPO (Promotion and Stabilization of Farmer Producer Organizations) စီမံကိန်းအောက်ရှိ ဈေးကွက်ရှာဖွေရေးအတွက် နည်းပညာအထောက်အပံ့ယူနစ်အဖြစ် Palladium India က ဆောင်ရွက်ပေးခဲ့ပြီး Odisha ပြည်နယ်၏ စိုက်ပျိုးရေးနှင့် တောင်သူလယ်သမားများ စွမ်းပကားမြှင့်တင်ရေးဦးစီးဌာန(DA&FE) ၏ ဦးဆောင်မှုဖြင့် ဖြစ်မြောက်လာခြင်း ဖြစ်ကြောင်း မီဒီယာထုတ်ပြန်ချက်တစ်ခုတွင် ပြောကြားခဲ့သည်။

ပို့ကုန်တိုးချဲ့မှုသည် ဈေးကွက်အမျိုးအစားစုံလင်မှုကို ဖန်တီးပေးရုံသာမက တောင်သူများအတွက် ဈေးနှုန်းရရှိမှု ၆၀ ရာခိုင်နှုန်းကျော် တိုးမြှင့်ပေးခဲ့ကြောင်း သိရသည်။ လက်ရှိ အရှိန်အဟုန်သည် Odisha ပြည်နယ်အား အဓိက စိုက်ပျိုးရေးပို့ကုန်ဗဟိုချက်အဖြစ် ထူထောင်ရန် Odisha အစိုးရက ချမှတ်ထားသော ရည်မှန်းချက်ကြီးမားသည့် ပန်းတိုင်များကို ထင်ဟပ်ပြနေကြောင်း တွေ့ရှိရသည်။

Golden Agro FPCL မှ တောင်သူအဖွဲ့ဝင် Radhamadhab Rath ၏ ပြောကြားချက်ကို ကိုးကား၍ "ကျွန်တော်တို့ရဲ့ သရက်သီးတွေ ပြင်သစ်နိုင်ငံအထိ ရောက်မယ်လို့ တစ်ခါမှ မတွေးဖူးပါဘူး။ ဒီအခွင့်အရေးက ကျွန်တော်တို့ ရပ်ရွာအတွက် ပိုမိုကောင်းမွန်တဲ့ ဝင်ငွေနဲ့ ဂုဏ်ယူမှုကို ဆောင်ကြဉ်းပေးခဲ့ပါတယ်။ ဒီခရီးစဉ်တစ်လျှောက်လုံး လမ်းညွှန်ပေးခဲ့တဲ့ DA&FE နဲ့ Palladium ကို ကျေးဇူးတင်ပါတယ်" ဟု အဆိုပါ ထုတ်ပြန်ချက်တွင် ဖော်ပြခဲ့သည်။

PSFPO ၏ စီမံကိန်းအဖွဲ့ခေါင်းဆောင်နှင့် Palladium ၏ တွဲဖက်ဒါရိုက်တာ Biswajit Behera က ပြင်သစ်နှင့် ဘယ်လ်ဂျီယံကဲ့သို့သော နေရာသစ်များသို့ သရက်သီးများ အောင်မြင်စွာ တင်ပို့နိုင်ခဲ့ခြင်းနှင့် ကုန်ပစ္စည်းအသစ်များ ထပ်မံထည့်သွင်းနိုင်ခဲ့ခြင်းတို့သည် Odisha ပြည်နယ်ရှိ တောင်သူများနှင့် FPO များအတွက် ကမ္ဘာလုံးဆိုင်ရာ ဈေးကွက်ပေါင်းစည်းရေးဆီသို့ အဓိကခြေလှမ်းများ ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ကောင်းထွဋ်အောင်၊ စီးပွားရေးသံမှူး

ကော်လ်ကတ္တား

Source: Hindu Businessline, Odisha exports 41.35 tonnes of fruits & vegetables in first 2 months of 2025-26, May 28, 2025.

# အိန္ဒိယနိုင်ငံ၏ ကွမ်းဖတ်ပန်းကန်ခွက်ယောက်များ အမေရိကန်ပြည်ထောင်စုသို့ တင်ပို့မှု မရေရာမှုများနှင့် ရင်ဆိုင်နေရ

အိန္ဒိယနိုင်ငံ၊ Dakshina Kannada ခရိုင်မှ အမေရိကန်ပြည်ထောင်စု၊ ကနေဒါနှင့် ဩစတေးလျနိုင်ငံများသို့ သဘာဝပတ်ဝန်းကျင်နှင့် လိုက်လျောညီထွေရှိသော အစားအသောက်သုံး ပစ္စည်းအဖြစ် ယူဆထားသည့် ကွမ်းပင်မှ ရရှိသောအဖတ်များဖြင့်ပြုလုပ်ထားသည့် ပန်းကန်ခွက် ယောက်များ တင်ပို့မှုသည် အမေရိကန်ပြည်ထောင်စု အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဌာန (FDA) က နိုင်ငံတွင်း ရောင်းချရန်အတွက် အဆိုပါ ပန်းကန်ခွက်ယောက်များ တင်သွင်းခြင်းကို တားဆီးသည့် “တင်သွင်းမှု သတိပေးချက်” (“import alert”) ထုတ်ပြန်ခဲ့ပြီးနောက် မရေရာမှုများ နှင့် ရင်ဆိုင်နေရကြောင်း သိရသည်။

အိန္ဒိယပို့ကုန်အဖွဲ့ချုပ် (Federation of Indian Export Organisations- FIEO) ၏ တွဲဖက် ညွှန်ကြားရေးမှူးနှင့် Karnataka ဌာနအကြီးအကဲ Soma Chaudhury က FDA သည် မကြာသေးမီ က တင်သွင်းမှုသတိပေးချက် (IA 23-15) ကို ထုတ်ပြန်ခဲ့ကြောင်း အတည်ပြုခဲ့သည်။ ၎င်းသတိ ပေးချက်တွင် ကွမ်းပင်မှ ထွက်ရှိသော ကွမ်းဖတ်ဖြင့် ပြုလုပ်ထားသည့် ပန်းကန်လုံးများ၊ ပန်းကန် ပြားများ၊ ခွက်များနှင့် ဓားခရင်းများသည် ဖက်ဒရယ်အစားအသောက်၊ ဆေးဝါးနှင့် အလှကုန်ပစ္စည်း ဥပဒေ (FD&C Act - 21 U.S.C. 348(a)) ၏ ပုဒ်မ ၄၀၉ အရ ဘေးအန္တရာယ်ရှိသော အစား အသောက်ထည့်ပစ္စည်းများဖြစ်ကြောင်း လက်လီရောင်းချသူများ၊ ဖြန့်ဖြူးသူများနှင့် တင်သွင်းသူများ အား အသိပေးထားကြောင်း သိရသည်။

အဆိုပါ ကွမ်းဖတ် ပန်းကန်ခွက်ယောက်များသည် အမေရိကန်ပြည်ထောင်စုတွင် တရားဝင် ရောင်းချရန် မဖြစ်နိုင်ကြောင်း IA သတိပေးချက်တွင် ကြေညာခဲ့သည်။ ကွမ်းဖတ် ပန်းကန်များကို ကနေဒါနှင့် ဩစတေးလျနိုင်ငံတို့တွင်လည်း ပိတ်ပင်ထားကြောင်း သိရသည်။

FDA ၏ သုတေသနပြုချက်များအရ 'ဆဲလ်များကို အဆိပ်ဖြစ်စေသော၊ ကင်ဆာဖြစ်စေနိုင် သော အာနိသင်များ' ရှိသည့် အဆိပ်အတောက်ဖြစ်စေသော အယ်လ်ကာလွိုက်များ (alkaloids) သည် အဆိုပါ ပန်းကန်ခွက်ယောက်များမှ အစားအစာသို့ ကူးပြောင်းနိုင်ကြောင်း တွေ့ရှိရသည်။

Visvesvaraya ကုန်သွယ်မှုမြှင့်တင်ရေးဗဟို (VTPC) မှ သတင်းရင်းမြစ်များ၏ အဆိုအရ ကွမ်းဖတ် ပန်းကန်ခွက်ယောက်များကို အမေရိကန်ပြည်ထောင်စုတွင် ပိတ်ပင်ထားခြင်းမရှိသေး

Agribusiness & Trade

သော်လည်း ယေဘုယျအားဖြင့် ဘေးကင်းသည်ဟု အသိအမှတ်ပြုထားသည့် (GRAS) အမျိုးအစား ခွဲခြားမှုမှ ဖယ်ရှားခဲ့ကြောင်း သိရသည်။ သို့ရာတွင် အဆိုပါ တင်သွင်းမှုသတိပေးချက်သည် Dakshina Kannada ခရိုင်မှ ကွမ်းသီးဖတ် ပန်းကန်ခွက်ယောက်များ တင်ပို့မှုကို ထိခိုက်စေခဲ့ကြောင်း တွေ့ရှိရသည်။ (Bengaluru အခြေစိုက် VTPC မှ စုဆောင်းထားသော အချက်အလက်များအရ Karnataka ပြည်နယ်သည် နိုင်ငံ၏ ကွမ်းသီးဖတ် ထုတ်ကုန်တင်ပို့မှု၏ သုံးပုံတစ်ပုံနီးပါးကို ပံ့ပိုးပေးလျက်ရှိကြောင်း သိရသည်။)

"ကျွန်တော်တို့ စိတ်ရှုပ်ထွေးနေကြပါတယ်။" ဟု အမည်မဖော်လိုသူ ပို့ကုန်လုပ်ငန်းရှင်တစ်ဦးက ပြောကြားခဲ့သည်။ အမေရိကန်ပြည်ထောင်စုရှိ ဖြန့်ဖြူးသူများထံမှ မှာယူမှုအသစ်များ မရရှိသေးသဖြင့် ကွမ်းဖတ် ပန်းကန်ခွက်ယောက်များ တင်ပို့မှုကို ဆိုင်းငံ့ထားကြောင်း ၎င်းက ပြောကြားခဲ့သည်။ "အိန္ဒိယနိုင်ငံ New Mangalore ဆိပ်ကမ်းကနေ အမေရိကန်ပြည်ထောင်စုကို ကုန်တင်သင်္ဘောတွေနဲ့ ပို့ထားတဲ့ တန်ချိန်ပေါင်းများစွာရှိတဲ့ ကွမ်းဖတ် ပန်းကန်ခွက်ယောက်တွေနဲ့ ပတ်သက်ပြီး ဘာအချက်အလက်မှ မရှိသေးပါဘူး။ ကုန်ပစ္စည်းတွေကို ထိန်းသိမ်းထားလား ဒါမှမဟုတ် အမေရိကန်ဈေးကွက်မှာ ရောင်းချဖို့ ခွင့်ပြုလိုက်ပြီလားဆိုတာ ကျွန်တော်တို့ မသိရသေးပါဘူး" ဟု ပို့ကုန်လုပ်ငန်းရှင်က DH သတင်းဌာနသို့ ပြောကြားခဲ့သည်။

အဆိုပါ New Mangalore ဆိပ်ကမ်းမှ ကွမ်းဖတ် ပန်းကန်ခွက်ယောက် တင်ပို့မှုသည် ယခင်ဘဏ္ဍာနှစ်က တန်ချိန် ၁,၈၆၃ တန်မှ ယခု ၂၀၂၄-၂၅ ဘဏ္ဍာနှစ်တွင် တန်ချိန် ၁,၃၅၉ တန်သို့ ကျဆင်းသွားခဲ့ကြောင်း တွေ့ရှိရသည်။ အိန္ဒိယနိုင်ငံမှ ကွမ်းဖတ် ပန်းကန်များ တင်ပို့ခြင်းမှ ရရှိသောဝင်ငွေသည် ယခင်ဘဏ္ဍာနှစ်က ဝင်ငွေနှင့် နှိုင်းယှဉ်ပါက ၆.၇၁ ရာခိုင်နှုန်း ကျဆင်းခဲ့ကြောင်း နိုင်ငံခြားကုန်သွယ်မှုဆိုင်ရာ ညွှန်ကြားမှုဦးစီးဌာန (DGFT) က စုဆောင်းထားသော စာရင်းအင်းများအရ သိရသည်။

ပို့ကုန်လုပ်ငန်းရှင်တစ်ဦး၏ အဆိုအရ တစ်ခါသုံး ကွမ်းဖတ် ပန်းကန်လုပ်ငန်းသည် အမေရိကန်ဒေါ်လာ သန်း ၂၀ ခန့်ရှိသော လုပ်ငန်းဖြစ်ပြီး အမေရိကန်ပြည်ထောင်စုတွင် တရုတ်နိုင်ငံ၏ ကြံဖတ် ပန်းကန်များ (အမေရိကန်ဒေါ်လာ ၁ ဘီလီယံခန့်) ပြီးနောက် ဒုတိယနေရာတွင်ရှိကြောင်း သိရသည်။

သို့ပါ၍ မြန်မာနိုင်ငံတွင်လည်း အဆိုပါ ကွမ်းပင်မှထွက်ရှိသော အဖတ်များဖြင့်ပြုလုပ်ထားသည့် ပန်းကန်ခွက်ယောက်များကို ထုတ်လုပ်ရောင်းချဖြန့်ဖြူးလျက်ရှိရာ သုံးစွဲသူများ၏ ကျန်းမာရေး

Agribusiness & Trade

အတွက် ဘေးအန္တရာယ်ရှိ/မရှိကို သက်ဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းမှ စနစ်တကျ စစ်ဆေးသင့်ပါကြောင်းနှင့် ပြည်ပသို့ တင်ပို့မည်ဆိုပါကလည်း သက်ဆိုင်ရာနိုင်ငံများရှိ တင်းကျပ်သော စားသောက်ကုန်ဘေးကင်းလုံခြုံစိတ်ချရေးလိုအပ်ချက်များနှင့် ကိုက်ညီရန်လိုအပ်ကြောင်း သိရှိနိုင်ပါရန် လေ့လာသုံးသပ် တင်ပြအပ်ပါသည်။

ကောင်းထွဋ်အောင်၊ စီးပွားရေးသံမှူး

ကော်လ်ကတ္တား

Source: deccanherald.com, US FDA 'toxic' tag to areca foodware hits exporters, May 28, 2025.

## **အိန္ဒိယနိုင်ငံသည် ၂၀၂၅-၂၆ ဘဏ္ဍာနှစ်တွင် စီးပွားရေးတိုးတက်မှု အသင့်အတင့်သာရှိနိုင်သော်လည်း အလျင်မြန်ဆုံး တိုးတက်နေသော အဓိကစီးပွားရေးနိုင်ငံများထဲမှ တစ်ခုအဖြစ် ဆက်လက် တည်ရှိနေမည်ဟု EY က ခန့်မှန်း**

အိန္ဒိယနိုင်ငံ၏ စီးပွားရေးတိုးတက်မှုနှုန်းသည် လက်ရှိဘဏ္ဍာနှစ်တွင် ကမ္ဘာလုံးဆိုင်ရာနှင့် ပြည်တွင်းဖြစ်ပေါ်တိုးတက်မှုများကြောင့် အသင့်အတင့်သာရှိမည်ဟု ခန့်မှန်းထားကြောင်းနှင့် ရေတိုအတွင်း တိုးတက်မှုအရှိန်အဟုန်ကို ထိန်းသိမ်းရန်အတွက် ငွေကြေးနှင့် ဘဏ္ဍာရေးဆိုင်ရာ မူဝါဒများကို မျှတစွာ ပေါင်းစပ်အသုံးပြုရန် လိုအပ်နိုင်ကြောင်း EY အစီရင်ခံစာတစ်စောင်တွင် ယခုလ ၂၈ ရက် (ဗုဒ္ဓဟူးနေ့) က ဖော်ပြခဲ့သည်။

EY Economy Watch မေလထုတ်ပြန်ချက်အရ အိန္ဒိယနိုင်ငံသည် ပြည်တွင်းဝယ်လိုအားခိုင်မာမှု၊ ငွေကြေးဖောင်းပွမှု လျော့ကျလာမှုနှင့် ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှု ပြန်လည်အသက်ဝင်လာမည့် အလားအလာနှင့် ချိတ်ဆက်ထားသော လိုက်လျောညီထွေရှိသည့် ငွေကြေးမူဝါဒတို့၏ ပံ့ပိုးမှုဖြင့် အလျင်မြန်ဆုံး တိုးတက်နေသော အဓိကစီးပွားရေးနိုင်ငံများထဲမှ တစ်ခုအဖြစ် ဆက်လက်တည်ရှိနေမည်ဟု သိရသည်။

"အိန္ဒိယနိုင်ငံ၏ ၂၀၂၅-၂၆ ဘဏ္ဍာနှစ်အတွက် စီးပွားရေးတိုးတက်မှုနှုန်းသည် ကမ္ဘာလုံးဆိုင်ရာနှင့် ပြည်တွင်းဖြစ်ပေါ်တိုးတက်မှုများ ပေါင်းစပ်လွှမ်းမိုးမှုကြောင့် အသင့်အတင့်သာရှိမည်ဟု ခန့်မှန်းထားသည်" ဟု ၎င်းက ပြောကြားခဲ့သည်။

EY အစီရင်ခံစာ၏ ခွဲခြမ်းစိတ်ဖြာချက်အရ ကမ္ဘာလုံးဆိုင်ရာ အကျိုးသက်ရောက်များကြောင့် အနာဂတ်တွင် ဖြစ်ပေါ်လာမည့် အလားအလာကို သတိထားစောင့်ကြည့်ရန် လိုကြောင်း၊ အဆိုပါ သက်ရောက်မှုများတွင် ထောက်ပံ့ရေးကွင်းဆက် ပြတ်တောက်မှုများ ဆက်လက်ဖြစ်ပေါ်နေခြင်း၊ အမေရိကန်ပြည်ထောင်စုမှ မကြာသေးမီက ချမှတ်ခဲ့သော အကောက်ခွန်ဆိုင်ရာ အစီအမံများ၏ သက်ရောက်မှုနှင့် ကမ္ဘာလုံးဆိုင်ရာ ကုန်သွယ်ရေးနှင့် ပထဝီနိုင်ငံရေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုများတွင် ပိုမိုကျယ်ပြန့်သော မရေရာမှုများ ပါဝင်ကြောင်း သိရသည်။ အဆိုပါအစီရင်ခံစာတွင် ရေတိုအတွင်း အိန္ဒိယနိုင်ငံသည် တိုးတက်မှုအရှိန်အဟုန်ကို ထိန်းသိမ်းရန်အတွက် ငွေကြေးနှင့် ဘဏ္ဍာရေးဆိုင်ရာ မူဝါဒများကို မျှတစွာ ပေါင်းစပ်အသုံးပြုရန် လိုအပ်နိုင်သည်ဟု ပြောကြားခဲ့သည်။

"ငွေကြေးမူဝါဒပိုင်းမှာတော့ လက်ရှိအတိုးနှုန်းလျှော့ချမှု သံသရာကို ဆက်လက်လုပ်ဆောင်ခြင်းက စားသုံးမှုနဲ့ ရင်းနှီးမြှုပ်နှံမှုတွေကို အထောက်အကူပြုနိုင်ပါတယ်။ ဘဏ္ဍာရေးပိုင်းမှာတော့ ၂၀၂၄-၂၅ ဘဏ္ဍာနှစ်မှာ တိုးတက်မှုနှုန်း အသင့်အတင့်သာရှိခဲ့တဲ့ အစိုးရရဲ့ ငွေလုံးငွေရင်းအသုံးစရိတ်အပါအဝင် အစိုးရရဲ့ ရင်းနှီးမြှုပ်နှံမှု အရှိန်အဟုန်ကို ပြန်လည်အသက်သွင်းတာက စီးပွားရေးလုပ်ဆောင်ချက်တွေ ရေရှည်တည်တံ့အောင် ထိန်းသိမ်းဖို့ အရေးကြီးတဲ့အချက်ဖြစ်ပါတယ်" ဟု EY မှ ပြောကြားခဲ့သည်။ အိန္ဒိယအမျိုးသားစာရင်းအင်းဌာန (National Statistics Office-NSO) က အိန္ဒိယနိုင်ငံ၏ စီးပွားရေးသည် ၂၀၂၄-၂၅ ဘဏ္ဍာနှစ်တွင် ၆ ဒသမ ၅ ရာခိုင်နှုန်းတိုးတက်မည်ဟု ယခုနှစ် ဖေဖော်ဝါရီလတွင် ခန့်မှန်းထုတ်ပြန်ခဲ့ပြီး စီးပွားရေးတိုးတက်မှုနှုန်းသည် ပြီးခဲ့သည့် ဇွန်၊ စက်တင်ဘာနှင့် ဒီဇင်ဘာ သုံးလပတ်များတွင် ၆ ဒသမ ၅ ရာခိုင်နှုန်း၊ ၅ ဒသမ ၆ ရာခိုင်နှုန်းနှင့် ၆ ဒသမ၂ ရာခိုင်နှုန်း အသီးသီးရှိခဲ့ကြောင်း သိရသည်။ NSO သည် ၂၀၂၄-၂၅ ဘဏ္ဍာနှစ်အတွက် ဂျီဒီပီ ခန့်မှန်းခြေနှင့် စတုတ္ထသုံးလပတ်အတွက် ခန့်မှန်းခြေများကို မေလ ၃၀ ရက်နေ့တွင် ထုတ်ပြန်ရန် စီစဉ်ထားကြောင်း သိရသည်။

ဧပြီလတွင် ဗဟိုဘဏ်အဖွဲ့ဝင်သုံးဦးနှင့် ပြင်ပအဖွဲ့ဝင်သုံးဦးတို့ ပါဝင်သော အိန္ဒိယဗဟိုဘဏ် (RBI) ၏ ငွေကြေးမူဝါဒကော်မတီ (Monetary Policy Committee MPC) သည် ပြန်လည်ဝယ်ယူမှု (Repurchase) သို့မဟုတ် ဗဟိုဘဏ်တိုးနှုန်း (Repo rate) ကို ၂၅ အခြေခံပွိုင့် လျှော့ချ၍ ၆ ရာခိုင်နှုန်းသို့ သတ်မှတ်ရန် တညီတညွတ်တည်း မဲပေးဆုံးဖြတ်ခဲ့ကြောင်း သိရသည်။ ၂၀၂၅-၂၆ ဘဏ္ဍာနှစ်အတွက် ဂျီဒီပီတိုးတက်မှုနှုန်းကို ၆ ဒသမ ၅ ရာခိုင်နှုန်းအဖြစ် RBI က ခန့်မှန်းထားသည်။ MPC ၏

Agribusiness & Trade

နောက်ထပ် အစည်းအဝေးကို ဇွန်လ ၄ ရက်နေ့မှ ၆ ရက်နေ့အထိ ကျင်းပရန် စီစဉ်ထားပြီး ငွေကြေးမူဝါဒကို ဇွန်လ ၆ ရက်နေ့တွင် ကြေညာမည်ဟု သိရသည်။

**လေ့လာသုံးသပ်တင်ပြချက်**

နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့ (IMF) ၏ ၂၀၂၅ ခုနှစ်၊ ဧပြီလ ကမ္ဘာ့စီးပွားရေးအလားအလာ အစီရင်ခံစာ (World Economic Outlook -WEO) အရ အိန္ဒိယနိုင်ငံ၏ အမည်ခံဂျီဒီပီ (Nominal GDP) သည် ၂၀၂၅ ခုနှစ် (၂၀၂၅-၂၆ ဘဏ္ဍာနှစ်) တွင် အမေရိကန်ဒေါ်လာ ၄ ဒသမ ၁၈၇ ထရီလီယံခန့်သို့ ရောက်ရှိမည်ဟု ခန့်မှန်းထားပြီး ဂျပန်နိုင်ငံ၏ ခန့်မှန်းခြေ အမေရိကန်ဒေါ်လာ ၄ ဒသမ ၁၈၆ ထရီလီယံကို အနည်းငယ်ကျော်တက်ကာ ကမ္ဘာ့စတုတ္ထအဆင့် စီးပွားရေးအဆောက်အအုံတစ်ခုဖြစ်လာမည်ဟု Economic Times သတင်းစာက ယခုလ ၂၆ ရက်က ဖော်ပြပါသည်။

အစောပိုင်းအစီရင်ခံစာအချို့တွင် အိန္ဒိယနိုင်ငံသည် ၂၀၂၅ ခုနှစ်၊ မေလတွင် အဆိုပါမှတ်တိုင်ကို ရောက်ရှိခဲ့ပြီဟု ဖော်ပြခဲ့သော်လည်း NITI Aayog အရာရှိများပြောကြားချက်၊ EY Economy Watch နှင့် IMF ၏ အချက်အလက်များအရ တရားဝင်အတည်ပြုချက်ကို ၂၀၂၆ ခုနှစ်အစောပိုင်းတွင် ထုတ်ပြန်မည့် တစ်နှစ်တာ တိုင်းပြည်ဝင်ငွေ (ဂျီဒီပီ) အစီရင်ခံစာ၌ အချက်အလက်အပြည့်အစုံဖြင့် သိရှိရဖွယ်ရှိကြောင်း သိရပါသည်။

သို့ပါ၍ ကျွမ်းကျင်သူများ၏ သုံးသပ်ချက်နှင့် အစီရင်ခံစာများက တစ်ညီတစ်ညွတ်တည်း ခန့်မှန်းထားကြသည့်အချက်မှာ အိန္ဒိယနိုင်ငံသည် အလျင်မြန်ဆုံး တိုးတက်နေသော အဓိကစီးပွားရေးနိုင်ငံများထဲမှ တစ်ခုအဖြစ် ဆက်လက်တည်ရှိနေမည်ဟု တွေ့ရှိရကြောင်း လေ့လာသုံးသပ်တင်ပြအပ်ပါသည်။

ကောင်းထွဋ်အောင်၊ စီးပွားရေးသံမှူး
ကော်လ်ကတ္တား

Source: Economic Times, India to remain among fastest-growing major economies even as growth may moderate in FY26: EY, May 28, 2025.

Economic Times, India to become 4th largest economy by end of 2025: NITI Member Arvind Virmani, May 26, 2025.

………………………………………………………………………………………

## အိန္ဒိယနိုင်ငံခြားကုန်သွယ်မှု ညွှန်ကြားမှုဦးစီးဌာန (DGFT) က ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ ကုန်ပစ္စည်းအချို့ တင်သွင်းခြင်းအပေါ် ဆိပ်ကမ်း ကန့်သတ်ချက်အသစ်များ ထုတ်ပြန်ကြေညာ

အိန္ဒိယစီးပွားရေးနှင့် ကုန်သွယ်ရေးဝန်ကြီးဌာနအောက်ရှိ နိုင်ငံခြားကုန်သွယ်မှု ညွှန်ကြားမှုဦးစီးဌာန (DGFT) က ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ ရွေးချယ်ထားသော ကုန်ပစ္စည်းများ တင်သွင်းခြင်းအပေါ် ဆိပ်ကမ်းကန့်သတ်ချက်အသစ်များကို ယခုလ ၁၇ ရက် (စနေနေ့)တွင် ထုတ်ပြန်ကြေညာခဲ့ပြီး ချက်ချင်း အာဏာတည်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ထုတ်ပြန်ကြေညာချက်အရ ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ အသင့်ချုပ်ပြီး အဝတ်အထည်များ တင်သွင်းခြင်းကို ယခုအခါ Nhava Sheva နှင့် Kolkata ပင်လယ်ဆိပ်ကမ်းများမှသာ ခွင့်ပြုမည်ဖြစ်ပြီး မည်သည့် ကုန်းတွင်းဆိပ်ကမ်းများမှ ခွင့်ပြုမည် မဟုတ်ကြောင်း သိရသည်။

ထို့အပြင် ပြုပြင်ပြီး စားသောက်ကုန်များ၊ သစ်သီးနှင့် သစ်သီးအရသာ သို့မဟုတ် ကာဗွန်ပါသော အချိုရည်များ၊ ဝါဂွမ်းနှင့် ဝါချည်စွန့်ပစ်ပစ္စည်းများ၊ ပလတ်စတစ်နှင့် PVC ဖြင့်ပြုလုပ်ထားသော ကုန်ချောပစ္စည်းများ (အရောင်ခြယ်ပစ္စည်းများ၊ ဆိုးဆေးများ၊ ပလတ်စတစ်ကုန်ကြမ်းများ (Plastici-sers) နှင့် အစေ့အဆန်များ ကဲ့သို့သော ကုန်ကြမ်းများမပါဝင်) နှင့် သစ်သားပရိဘောဂများ အပါအဝင် အခြားကုန်ပစ္စည်း အမျိုးအစားများကိုလည်း သတ်မှတ်ထားသော ဆိပ်ကမ်း ကန့်သတ်ချက်များ အောက်တွင် ထည့်သွင်းထားကြောင်း တွေ့ရှိရသည်။

အဆိုပါပစ္စည်းများကို အာသံ၊ မီဂါလာယာ (Meghalaya) ၊ တြိပူရ (Tripura)၊ မီဇိုရမ် (Mizoram) တို့တွင် တည်ရှိသော ကုန်းတွင်းအကောက်ခွန်စခန်းများ (LCSs) သို့မဟုတ် ပေါင်းစပ်စစ်ဆေးရေးဂိတ်များ (ICPs) မှတစ်ဆင့် တင်သွင်းခွင့်ပြုမည် မဟုတ်သည့်အပြင် အနောက်ဘင်္ဂလားပြည်နယ်ရှိ Changrabandha နှင့် Fulbari LCSs မှတစ်ဆင့်လည်း တင်သွင်းခွင့်ပြုမည် မဟုတ်ကြောင်း သိရသည်။

သို့ရာတွင် DGFT က အဆိုပါ ဆိပ်ကမ်းကန့်သတ်ချက်များသည် နီပေါနှင့် ဘူတန်နိုင်ငံများသို့ သွားရောက်ရန် အိန္ဒိယနိုင်ငံကို ဖြတ်သန်းသွားလာသည့် ဘင်္ဂလားဒေ့ရှ် ကုန်ပစ္စည်းများနှင့် သက်ဆိုင်မည် မဟုတ်ကြောင်း ရှင်းလင်းပြောကြားခဲ့သည်။ ထို့အပြင် ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ ငါး၊ LPG၊ စားသုံးဆီနှင့် ကျောက်စရစ်ခဲများ တင်သွင်းခြင်းကိုလည်း အဆိုပါ ကန့်သတ်ချက်များမှ ကင်းလွတ်ခွင့်ပြုထားဆဲဖြစ် ကြောင်း သိရသည်။

အဆိုပါ ဖြစ်ပေါ်တိုးတက်မှုသည် လွန်ခဲ့သည့်လက အိန္ဒိယအစိုးရ၏ ဆုံးဖြတ်ချက်အပြီးတွင် ဖြစ်ပေါ်လာခြင်းဖြစ်ပြီး ဘင်္ဂလားဒေ့ရှ်နိုင်ငံက ၎င်း၏ကုန်ပစ္စည်းများကို တတိယနိုင်ငံများသို့ တင်ပို့

Agribusiness & Trade

ရာတွင် အိန္ဒိယကုန်းတွင်းဆိပ်ကမ်းများကို အသုံးပြု၍ ပင်လယ်ဆိပ်ကမ်းများနှင့် လေဆိပ်များသို့ သွားလာ ခွင့်ပြုထားသည့် ကုန်စည်ဖြတ်သန်းခွင့် (transshipment facility) ကို ရုပ်ဆိုင်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အိန္ဒိယအဝတ်အထည်ကဏ္ဍက ယခင်က ရှိခဲ့သော ကုန်သွယ်မှုမညီမျှမှုများကို ကိုးကား၍ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ပေးအပ်ထားသည့် ထိုသို့သော ဖြတ်သန်းခွင့်များကို ရုပ်သိမ်းရန် အစိုးရအား တိုက်တွန်းတောင်းဆိုခဲ့ကြောင်း တွေ့ရှိရသည်။

အဆိုပါ ဆုံးဖြတ်ချက်သည် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ အကြီးအကဲ အကြံပေး မူဟာမက်ယူနွတ်စ် (Muhammad Yunus) က အိန္ဒိယ၏ အရှေ့မြောက်ပိုင်းပြည်နယ်များနှင့် ပတ်သက်၍ မကြာသေးမီက ပြောကြားခဲ့သော မှတ်ချက်များ၏ အကျိုးဆက်ဖြစ်သည်ဟု ဆိုကြောင်း သိရသည်။

ယူနွတ်စ်က တရုတ်နိုင်ငံတွင် ပြုလုပ်ခဲ့သော အစီအစဉ်တစ်ခု၌ အိန္ဒိယနိုင်ငံ၏ အရှေ့ဘက်ခြမ်းတွင် ကုန်းတွင်းပိတ်ပြည်နယ် ၇ ခုရှိပြီး ၎င်းတို့ကို ညီအစ်မ ၇ ပြည်နယ်ဟု သိကြကြောင်းနှင့် "သူတို့ ပင်လယ်ကို ရောက်ဖို့ နည်းလမ်းမရှိဘူး။ ကျွန်တော်တို့က ပင်လယ် (ဘင်္ဂလားပင်လယ်အော်) ရဲ့ အစောင့်အရှောက်တွေပါ။" ဟု ပြောကြားခဲ့သည်ဟု ဆိုသည်။ ၎င်းက တရုတ်ပြည်သူ့သမ္မတနိုင်ငံအား ၎င်းမှတစ်ဆင့် ကမ္ဘာတစ်ဝန်းသို့ ကုန်ပစ္စည်းများ ပေးပို့ရန်လည်း ဖိတ်ခေါ်ခဲ့ကြောင်း သိရသည်။

သို့ပါ၍ အဆိုပါ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံအနေဖြင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် အိန္ဒိယနိုင်ငံအကြား ကုန်သွယ်ရေးဆိုင်ရာ မူဝါဒပြောင်းလဲမှုများကို အနီးကပ်စောင့်ကြည့်လေ့လာ၍ အထူးသဖြင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ အိန္ဒိယနိုင်ငံသို့ တင်ပို့သည့် ကုန်ပစ္စည်းအချို့အပေါ် ကန့်သတ်ချက်များ ချမှတ်ခဲ့ခြင်းသည် မြန်မာနိုင်ငံအတွက် အဆိုပါ ကုန်ပစ္စည်းများအား အိန္ဒိယဈေးကွက်သို့ တင်ပို့နိုင်မည့် အခွင့်အလမ်းသစ်များ ဖော်ဆောင်ပေးနိုင်ကြောင်း လေ့လာသုံးသပ် တင်ပြအပ်ပါသည်။

ကောင်းထွဋ်အောင်၊ စီးပွားရေးသံမှူး

ကော်လ်ကတ္တား

Source: The Economic Times, India restricts port imports of garments, processed food and other select items from Bangladesh, May 18, 2025.

..........................................................................................................................................

Agribusiness & Trade

## ဝန်ကြီးချုပ် Narendra Modi က အိန္ဒိယနိုင်ငံ၏ အရှေ့မြောက်ပိုင်းဒေသသည် နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုအတွက် အင်ဂျင်အသစ်ဖြစ်ကြောင်း ပြောကြား

ဝန်ကြီးချုပ် Narendra Modi က အိန္ဒိယနိုင်ငံ၏ အရှေ့မြောက်ပိုင်းဒေသသည် "ကျွန်ုပ်တို့၏ ကွဲပြားခြားနားသောနိုင်ငံ၏ အကွဲပြားဆုံးအပိုင်း" ဖြစ်ကြောင်း ပြောကြားခဲ့ပြီး အိန္ဒိယနိုင်ငံ၏ ကြီးထွားလာမည့် အင်ဂျင်အသစ်အဖြစ် ချီးကျူးဂုဏ်ပြုခဲ့ကြောင်း The Live Mint သတင်းဌာနက ယခုလ ၂၃ ရက်က ဖော်ပြသည်။ အဆိုပါ ပြောကြားချက်ကို နယူးဒေလီမြို့တွင် ပထမဆုံးအကြိမ် ကျင်းပသည့် Rising Northeast ရင်းနှီးမြှုပ်နှံသူများ ထိပ်သီးအစည်းအဝေး ဖွင့်ပွဲတွင် ထည့်သွင်း ပြောကြားခဲ့ကြောင်း သိရသည်။

မူဝါဒချမှတ်သူများ၊ ရင်းနှီးမြှုပ်နှံသူများနှင့် စက်မှုလုပ်ငန်းခေါင်းဆောင်များ စုဝေးရာဖြစ်သော အဆိုပါ အစည်းအဝေးသို့ ပြောကြားရာတွင် Modi က ယခင်က နယ်စပ်ဒေသတစ်ခုအဖြစ်သာ ရှုမြင်ခံခဲ့ရသော အဆိုပါဒေသသည် ယခုအခါ အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးတွင် ဦးဆောင်သည့် ပြည်နယ်များအဖြစ် ပေါ်ထွန်းလာနေကြောင်း ပြောကြားခဲ့သည်။

"ကျွန်တော်တို့အတွက် အရှေ့ဆိုတာ ဦးတည်ရာတစ်ခုတည်း မဟုတ်ပါဘူး။ ကျွန်တော်တို့ အတွက် အရှေ့ဆိုတာ စွမ်းဆောင်ရည်မြှင့်တင်ဖို့၊ လုပ်ဆောင်ဖို့၊ ခိုင်မာအောင်လုပ်ဖို့နဲ့ ပြောင်းလဲဖို့ကို ဆိုလိုပါတယ်" ဟု ဝန်ကြီးချုပ်က ပြောကြားခဲ့ပြီး အရှေ့မြောက်ပိုင်းဒေသ၏ စီးပွားရေးအလားအလာများကို ဖော်ထုတ်ရန် အစိုးရ၏ အခြေခံအဆောက်အအုံနှင့် ချိတ်ဆက်မှုအပေါ် အာရုံစိုက်မှုကို အလေးထား ပြောကြားခဲ့သည်။

"ကုန်သွယ်မှုကနေ ရိုးရာအထိ၊ အထည်အလိပ်ကနေ ခရီးသွားလုပ်ငန်းအထိ၊ အရှေ့မြောက် ပိုင်းရဲ့ ကွဲပြားမှုက သူ့ရဲ့ ခွန်အားပါပဲ။ အရှေ့မြောက်ပိုင်းဆိုတာ ဇီဝစီးပွားရေး၊ ဝါး၊ လက်ဖက်ထုတ် လုပ်မှု၊ ရေနံ၊ အားကစား၊ ကျွမ်းကျင်မှု၊ ဂေဟစနစ်ခရီးသွားလုပ်ငန်းရဲ့ ပေါ်ထွန်းလာတဲ့ ဗဟိုချက်နဲ့ အော်ဂဲနစ် ထုတ်ကုန်တွေအတွက် ကမ္ဘာသစ်တစ်ခုကို ဆိုလိုပါတယ်။ အရှေ့မြောက်ပိုင်းဟာ စွမ်းအင် ရဲ့ ဓာတ်အားပေးစက်ရုံပါ။ အရှေ့မြောက်ပိုင်းက ကျွန်တော်တို့အတွက် 'Ashta Lakshmi' (စည်းစိမ် ဥစ္စာ၏ နတ်ဘုရားမ ရှစ်ပါး) ပါပဲ" ဟု ၎င်းက ထပ်လောင်းပြောကြားခဲ့သည်။

ဝန်ကြီးချုပ်၏ မိန့်ခွန်းမပြောမီကပင် စက်မှုလုပ်ငန်းခေါင်းဆောင်များက ဒေသတွင်းစီးပွား ရေးကို ပြောင်းလဲနိုင်မည့် အဓိကရင်းနှီးမြှုပ်နှံမှု ကတိကဝတ်များကို ကြေညာခဲ့ကြောင်း သိရသည်။

Reliance Industries ၏ ဥက္ကဋ္ဌနှင့် စီမံခန့်ခွဲမှုဒါရိုက်တာ Mukesh Ambani က စိုက်ပျိုးရေး၊ ဆက်သွယ်ရေး၊ ဒစ်ဂျစ်တယ်ဝန်ဆောင်မှုများနှင့် ဒေသတွင်းစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးတို့ကို ပန်းတိုင်ရည်မှန်းချက်ထား၍ လာမည့်ငါးနှစ်အတွင်း ရူပီး ၇၅,၀၀၀ ကုဋေ ရင်းနှီးမြှုပ်နှံမည်ဟု ကတိပြုခဲ့ကြောင်း သိရသည်။

Adani Group ၏ ဥက္ကဋ္ဌ Gautam Adani ကလည်း ယခုနှစ်အစောပိုင်းတွင် ၎င်း၏အဖွဲ့က အာသံပြည်နယ်၌ ရူပီး ၅၀,၀၀၀ ကုဋေ ရင်းနှီးမြှုပ်နှံရန် ကတိပြုထားခဲ့ပြီးဖြစ်ရာ ယင်းအပြင် လာမည့်ဆယ်စုနှစ်အတွင်း စိမ်းလန်းစွမ်းအင်၊ လမ်းများနှင့် ဒစ်ဂျစ်တယ်အခြေခံအဆောက်အအုံများတွင် ရူပီး ၅၀,၀၀၀ ကုဋေ ထပ်မံရင်းနှီးမြှုပ်နှံမည်ဟု ကြေညာခဲ့ကြောင်း သိရသည်။

အဆိုပါ ထိပ်သီးအစည်းအဝေးသည် မဟာဗျူဟာမြောက်သော်လည်း ဖွံ့ဖြိုးမှုနောက်ကျခဲ့သည်ဟု အစဉ်အလာအရ ရှုမြင်ခံရသော အရှေ့မြောက်ပိုင်းဒေသအပေါ် ရင်းနှီးမြှုပ်နှံသူများ၏ စိတ်ဝင်စားမှု သိသိသာသာ ပြောင်းလဲလာမှုကို ပြသနေကြောင်း တွေ့ရှိရသည်။ အိန္ဒိယအစိုးရ၏ ပံ့ပိုးမှုနှင့် စီးပွားရေးလုပ်ငန်းကြီးများ၏ ကတိကဝတ်များ တိုးမြှင့်လာသည်နှင့်အမျှ ယင်းဒေသသည် ကြီးထွားမှု၊ ဆန်းသစ်တီထွင်မှုနှင့် စိမ်းလန်းသော အသွင်ကူးပြောင်းမှုအတွက် စီးပွားရေးစကြံတစ်ခုအဖြစ် နေရာယူလာနေကြောင်း သိရသည်။

ကောင်းထွဋ်အောင်၊ စီးပွားရေးသံမှူး

ကော်လ်ကတ္တား

Source: The Live Mint, PM Modi pitches Northeast as India's new growth engine at investor summit, May 23, 2025.

---

**အိန္ဒိယဆိပ်ကမ်းများမှတစ်ဆင့် ကုန်စည်များ ပြန်လည်တင်ပို့ခွင့်ကို တားမြစ်လိုက်ခြင်းကြောင့် ပါကစ္စတန်နိုင်ငံ၏ ပို့ကုန်နှင့် သွင်းကုန်များ ထိခိုက်လျက်ရှိ**

ပါကစ္စတန်နိုင်ငံ၏ တင်ပို့ကုန်နှင့် တင်သွင်းကုန်များသည် ကရာချိ (Karachi) သို့မဟုတ် ကာစင် (Qasim) မှ ထွက်ခွာလာသော ကုန်စည်များ သို့မဟုတ် ဆိုက်ကပ်နေသော သင်္ဘောများမှ ကုန်စည်များကို အိန္ဒိယနိုင်ငံ၏ မည်သည့်ဆိပ်ကမ်းကမှ မဝင်ရောက်နိုင်အောင် တားမြစ်လိုက်ခြင်းကြောင့် အကြီးအကျယ်ပြဿနာတစ်ရပ်နှင့် ရင်ဆိုင်နေရကြောင်း သိရသည်။

အဆိုပါ အခြေအနေကြောင့် ပါကစ္စတန်နိုင်ငံသို့ ဝင်ထွက်လျက်ရှိသည့် သင်္ဘောကြီးများ၏ တိုက်ရိုက်ဝန်ဆောင်မှုများကို ရပ်ဆိုင်းထားပြီး ပါကစ္စတန်ဆိပ်ကမ်းများနှင့် ကုန်စည်လွှဲပြောင်းရာ နေရာများသို့ သင်္ဘောငယ်များဖြင့် ပြောင်းလဲပို့ဆောင်နေရကြောင်း Islamabad မှ မီဒီယာသတင်းများက ဖော်ပြကြသည်။

မွန်ဘိုင်းမြို့မှ သင်္ဘောကုမ္ပဏီတစ်ခု၏ အရာရှိတစ်ဦးက ပါကစ္စတန်နိုင်ငံသို့ သွားရောက်ခဲ့သည့် သင်္ဘောများကို လုံခြုံရေးအကြောင်းပြချက်ဖြင့် အိန္ဒိယဆိပ်ကမ်းများသို့ ဝင်ရောက်ခွင့်မပြုကြောင်း အတည်ပြုခဲ့သည်။ ထို့ကြောင့် သင်္ဘောလိုင်းများသည် တိုက်ရိုက်သင်္ဘောများကို ပယ်ဖျက်လိုက်သည့်အတွက် ကုန်စည်ပို့ဆောင်ရာတွင် နှောင့်နှေးမှု၊ စွမ်းဆောင်ရည်လျော့နည်းမှုနှင့် ကုန်ကျစရိတ်များ တိုးလာမည်ဖြစ်ကြောင်း သိရသည်။

ပါကစ္စတန်နိုင်ငံ၏ ကုန်သွယ်ရေးအတွက် နောက်ထပ်ပြဿနာမှာ ဥရောပသို့ ကုန်စည်များပို့ဆောင်ရာတွင် အိန္ဒိယနိုင်ငံ မွန်ဒရာဆိပ်ကမ်း (Mundra Port) ကို အဓိကအသုံးပြုနေခြင်းဖြစ်သည်။ ပါကစ္စတန်နိုင်ငံအနေဖြင့် ယခုအခါတွင် အဆိုပါ ဆိပ်ကမ်းသို့ ဝင်ရောက်ခွင့်ကို ငြင်းဆိုခြင်းခံနေရကြောင်း သိရသည်။

သင်္ဘောကုမ္ပဏီများသည် ယခုအခါတွင် ပါကစ္စတန်နိုင်ငံသို့ ကုန်စည်များပို့ဆောင်ရန် ကိုလံဘို၊ ဆာလာလာ (Salalah) နှင့် ဂျေဘယ်အလီ (Jebel Ali) ဆိပ်ကမ်းများကို အသုံးပြုနေကြကြောင်း၊ Islamabad ၏ ပြဿနာများကို ပိုမိုဆိုးရွားစေသည်မှာ သင်္ဘောကုမ္ပဏီများက အရေးပေါ်လုပ်ငန်းဆောင်ရွက်မှုအတွက် အပိုစရိတ်များကို စတင်ကောက်ခံလာခြင်းဖြစ်ကြောင်း သိရသည်။

ပါကစ္စတန်နိုင်ငံ၏ စီးပွားရေးသည် ယခုအခါတွင် ပြင်းထန်စွာ ထိခိုက်နေပြီး အဓိကလိုအပ်သော စက်ကိရိယာများ၊ ကုန်ကြမ်းများနှင့် စက်ပစ္စည်းများ တင်သွင်းရာတွင် ပြဿနာများနှင့် ရင်ဆိုင်ရနိုင်ကြောင်း၊ ကောက်ပဲသီးနှံများနှင့် အဝတ်အထည်များ တင်ပို့ရာတွင် ထိခိုက်နိုင်ဖွယ်ရှိကြောင်း သိရသည်။ အဆိုပါ အခြေအနေသည် ဒေါ်လာနှင့်နှိုင်းယှဉ်သော ၎င်း၏ ရူပီးငွေကြေးတန်ဖိုးကျဆင်းနေသည့် အချိန်တွင် ပေါ်ပေါက်လာခြင်းဖြစ်သည်။ ယခု ရက်သတ္တပတ်တွင် တစ်ဒေါ်လာလျှင် ပါကစ္စတန် ရူပီး (PKR) ၂၈၂ ဒသမ ၇၇ ရှိပြီး၊ ဧပြီလ ၃၀ ရက်နေ့က PKR ၂၈၀ ဒသမ ၇၉ နှင့် နှိုင်းယှဉ်ပါက ကျဆင်းသွားကြောင်း သိရသည်။

ပါကစ္စတန်နိုင်ငံမှ ရင်ဆိုင်နေရသော သဘော်ာတင်ပို့မှုနှင့်ပတ်သက်သည့် ပြဿနာများကြောင့် အိန္ဒိယနိုင်ငံအား အထူးသဖြင့် ဆန်ဈေးကွက်တွင် အခွင့်အလမ်းကောင်းများ ရရှိစေမည်ဟု မျှော်လင့်ရကြောင်း၊ "ပါကစ္စတန်နှင့် ပဋိပက္ခဖြစ်ပွားပြီးနောက် အိန္ဒိယနိုင်ငံ၏ ဘာစမာတီဆန် ဈေးနှုန်းများဟာ လွန်ခဲ့သော ရက်သတ္တပတ်အနည်းငယ်အတွင်း ၂၀ ရာခိုင်နှုန်း မြင့်တက်လာခဲ့ပါတယ်။" ဟု နယူးဒေလီအခြေစိုက် တင်ပို့သူ Rajesh Jain Paharia က ပြောကြားခဲ့သည်။ ၁ တန်လျှင် အမေရိကန်ဒေါ်လာ ၈၅၀ ခန့်ရှိခဲ့သော အိန္ဒိယနိုင်ငံ၏ ဘာစမာတီဆန်၏ FOB ဈေးနှုန်းများသည် ယခုအခါ ၁ တန်လျှင် အမေရိကန်ဒေါ်လာ ၁,၀၅၀ မှ ၁,၁၀၀ အထိ တိုးမြင့်လာခဲ့ကြောင်း သိရသည်။ ပါကစ္စတန်နိုင်ငံကမူ ၎င်း၏ ရနံ့မွှေးသော ဘာစမာတီဆန် အမျိုးအစားကို ၁ တန်လျှင် အမေရိကန် ဒေါ်လာ ၁,၀၇၅ ဖြင့် ရောင်းချလျက်ရှိ ကြောင်း သိရသည်။

ကောင်းထွဋ်အောင်၊ စီးပွားရေးသံမှူး

ကော်လ်ကတ္တား

Source: The Hindu Businessline, Pakistan imports, exports hit as India bans transshipment of cargoes via its ports, May 22, 2025.

………………………………………………………………………………………………

Agribusiness & Trade